


## အဖြေ=လွှ

လွှပုံစံမျိုး ခပ်ဆင်ဆင်အသုံးပြုခြင်းကို ကျောက်ခေတ်မှာ ကတည်းက လူတွေက ကျောက်တုံး အချွန်အတက်စောင်းတွေကို အသုံးချပြီး အသားတွေ အသီးအနှံတွေကို ခုတ်ဖြတ်ရာက စတင်ခဲ့ တာပါ။ BC (၃၀၀၀) လောက်က ရှေးခေတ် အီဂျစ် လူမျိုးတွေဟာ ပထမဆုံးအသွားပါတဲ့ လွှတွေကို ကြေးသတ္တုနဲ့ ပြုလုပ်ခဲ့ကြပါတယ်။ တရုတ်ပြည်မှာလဲ လွှလိုကိရိယာမျိုး သုံးစွဲခဲ့ကြတာကိုလည်းတွေ့ရှိရ ပါတယ်။ ယနေ့ခေတ်မှာတော့ လူတွေအားစိုက်စရာမလိုတဲ့ လျှပ်စစ် လက်ကိုင်လွှတွေကို အသုံးချနေကြပါပြီ။



